## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ၊ မြန်မာ့မီးရထားမှ မဟာသင်္ကြန်ကာလအတွင်း ခရီးသွားမိဘပြည်သူများ ၊ ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာခရီးသွားလာနိုင်ရန်အတွက် ရန်ကုန်–နေပြည်တော်–ရန်ကုန်ခရီးစဉ်၊နေပြည်တော်–မန္တလေး–နေပြည်တော်ခရီးစဉ်၊ ရန်ကုန်–မော်လမြိုင်–ရန်ကုန်ခရီးစဉ်များပြေးဆွဲမည်

**နေပြည်တော် ဧပြီ ၈**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ၊ မြန်မာ့မီးရထားသည် မဟာသင်္ကြန်ကာလ အတွင်း ခရီးသွားမိဘပြည်သူများ နှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာခရီးသွားလာနိုင်ရန် အတွက် ရန်ကုန်–နေပြည်တော်–ရန်ကုန်ခရီးစဉ်နှင့် နေပြည်တော်–မန္တလေး–နေပြည်တော်ခရီးစဉ် ၊ ရန်ကုန်–မော်လမြိုင်–ရန်ကုန်ခရီးစဉ်များကို အောက်ဖော်ပြပါနေ့ရက်/အချိန်များအတိုင်း ပြေးဆွဲ ပေးသွားမည်ဖြစ်ပါသည်–

| စဉ် | နေ့ရက် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|---|
| | | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | ၁၁–၄–၂၀၂၂ | အမှတ်(၈)အစုန် | နေပြည်တော် | ရန်ကုန် | ၀၆:၀၀ | ၁၈:၀၀ |
| ၂ | ၁၂–၄–၂၀၂၂ | အမှတ်(၇)အဆန် | ရန်ကုန် | နေပြည်တော် | ၀၈:၀၀ | ၂၀:၀၀ |
| ၃ | ၁၃–၄–၂၀၂၂ | အမှတ်(၈)အစုန် | နေပြည်တော် | ရန်ကုန် | ၀၆:၀၀ | ၁၈:၀၀ |
| ၄ | ၁၉–၄–၂၀၂၂ | အမှတ်(၇)အဆန် | ရန်ကုန် | နေပြည်တော် | ၀၈:၀၀ | ၂၀:၀၀ |
| ၅ | ၁၃–၄–၂၀၂၂ | RBE | နေပြည်တော် | မန္တလေး | ၀၆:၀၀ | ၁၃:၀၀ |
| ၆ | ၁၉–၄–၂၀၂၂ | RBE | မန္တလေး | နေပြည်တော် | ၀၆:၀၀ | ၁၃:၀၀ |
| ၇ | ၁၁–၄–၂၀၂၂ | အမှတ်(၈၉)အဆန် | ရန်ကုန် | မော်လမြိုင် | ၀၆:၃၀ | ၁၇:၀၀ |
| ၈ | ၁၈–၄–၂၀၂၂ | အမှတ်(၉၀)အစုန် | မော်လမြိုင် | ရန်ကုန် | ၀၈:၀၀ | ၁၉:၀၀ |

ရန်ကုန်–နေပြည်တော်–ရန်ကုန် ခရီးစဉ်အတွင်းလမ်းခရီး၌ တိုးကြောင်ကလေး ၊ ပဲခူး ၊ ဒိုက်ဦး ၊ ညောင်လေးပင် ၊ ကျောက်တံခါး ၊ ကညွတ်ကွင်း ၊ ဖြူး ၊ တောင်ငူ ၊ ရေတာရှည် ၊ ရေနီ ၊ လေဝေး၊ပျဉ်းမနားစသည့်ဘူတာများ၌လည်းကောင်း၊နေပြည်တော်–မန္တလေးခရီးစဉ်အတွင်း ဘူတာစဉ် ၌လည်းကောင်း၊ ရန်ကုန်–မော်လမြိုင်–ရန်ကုန်ခရီးစဉ်၌ တိုးကြောင်ကလေး၊ ပဲခူး၊ ဝေါ၊ သိမ်ဇရပ်၊ မုပ္ပလင်၊ ကျိုက္ကသာ၊ ကျိုက်ထို၊ မရမ်းကုန်း၊ တောင်စွန်း၊ နှင်းပုလဲ၊ သိမ်ဆိပ်၊ သထုံ၊ ရင်းညိမ်၊ ပေါင် စသည့်ဘူတာများ၌လည်းကောင်းရပ်တန့်ပေးသွားမှာဖြစ်ပါသည်။

ဧပြီလ(၁၃)ရက်နေ့ထွက်ခွာမည့် အမှတ်(၈)အစုန်ရထား ၊ ဧပြီ(၁၉)ရက်နေ့တွင် ထွက်ခွာ မည့်အမှတ်(၇)အဆန်ရထားဖြင့် ရထားစီးခရီးသွားမိဘပြည်သူများသည် အထက်တန်းလက်မှတ် အား(၃)ရက် ကြိုတင်၍ လည်းကောင်း ၊ ရိုးရိုးတန်းလက်မှတ်အား (၁)ရက်ကြိုတင်၍ လည်းကောင်း ရောင်းချပေးသွားမှာဖြစ်ကြောင်းနှင့်ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် လျှောက်လွှာများဖြင့်ကြိုတင် ဝယ်ယူနိုင်ကြောင်းသိရှိပါသည်။

မြန်မာ့မီးရထား